ရွှေဘိုးကြီးကျေးရွာ

ရွှေဘိုးကြီးကျေးရွာအုပ်စု

မတ္တရာမြို့နယ်

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁- ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွှေဘိုးကြီးကျေးရွာ၊ မတ္တရာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁-ခုနှစ်၊ စက်တင်ဘာလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | -- |
| ရွှေဘိုးကြီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မတ္တရာမြို့နယ် | | ၅ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | ပညာရေး | ၁၀ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၁ |
| ၁၀။ | ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ | ၁၁ |
| | (က) ဦးစားပေး စီမံချက်များ | ၁၂ |
| | (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ | ၁၄ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ | ၅၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
**ရွှေဘိုးကြီး**ကျေးရွာ
မတ္တရာမြို့နယ်

**ရွှေဘိုးကြီးကျေးရွာသယံဇာတပြမြေပုံ၊ မတ္တရာမြို့နယ်**




ss

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**ရွှေဘိုးကြီး**ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၏ **ရွှေဘိုး**ကြီးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် ဧရာဝတီမြစ် အရှေ့ဘက်တွင် တည်ရှိပြီး မတ္တရာမြို့နှင့်(၆)မိုင်ခန့်ဝေး၍ ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည်မြေပြန့်ဒေသ တွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဆောင်းသီးနှံဖြင့် မြေပဲနှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးပါသည်။ ဒေသ၏ (၁)နှစ်ပျမ်းမျှမိုးရေချိန်မှာ (၅၃)ရက် (၃၃.၄၆)လက်မဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိသော်လည်း မိုးရာသီတွင် ဧရာဝတီမြစ်ရေတက်မှုကြောင့် လုပ်ငန်းများ ခေတ္တရပ်ဆိုင်း ထားရပါသည်။ ကျေးရွာတည်ရှိရာသည် အနီးအနားတွင် တောတောင်မြစ်ချောင်းများမရှိဘဲ မြေပြန့်အနေအထားဖြစ်သဖြင့် ဆားငန်ရေ ဝင်ရောက်မှုမှ ကင်းလွတ်သည်။ လယ်ယာမြေများသည် မြေပဲနှင့် ပဲမျိုးစုံစိုက်ပျိုးရန်နှင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အဓိက အားထားရာ ဖြစ်ပါ သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ အပူပိုင်းဒေသဖြစ်ပြီး စိုက်ပျိုးနိုင်သော လယ်မြေများမှာ စိုက်ပျိုးမြေ(၄၁၇)ကေခွဲရှိပြီး မြေပဲနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်သည်။ ကျေးရွာတွင် ဓနိတောမြေ၊စားကျက်မြေ၊မြေလွတ် မြေလပ် များ မရှိပါ။ မြေသြဇာအလတ်စားအဆင့်ရှိပြီး ကျွန်ုပ်တို့ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေး အဖွဲ့တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ သာရေး/နာရေး၊ အခြား လူမှုဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံး ပါဝင်လုပ်ဆောင်နေကြပါသည်။ ကာလသား/ကာလ သမီးအဖွဲ့သည် ကျေးရွာ၏ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတတ်သရော စုပေါင်း

လုပ်ဆောင်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။ ဓမ္မစကြာဝတ်အဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးစသည့် အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော် မြေပဲနှင့် ရွှေဘိုးကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိသေးပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ရွှေဘိုးကြီးကျေးရွာတွင် မြေယာမဲ့(၈၀)အိမ်ထောင်စု၊ (၂)ကေအောက် ဆင်းရဲသား တောင်သူ(၆၀)အိမ်ထောင်စု၊ (၅)ကေနှင့် (၂)ကေကြား ပိုင်ဆိုင်သူ တောင်သူငယ်(၄၇) အိမ်ထောင်စု၊ ၆ကေ အထက် ပိုင်ဆိုင်သူ တောင်သူကြီး(၁၈)အိမ်ထောင်စုရှိကြောင်း တွေ့ရပါသည်။ အဓိကအားဖြင့် ပဲမျိုးစုံကို အဓိကထား စိုက်ပျိုးကြသည်။ မြေယာမဲ့အိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်ကို ကျေးရွာနှင့် အခြားမြို့များသို့ အဆင်ပြေစွာ သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ ဆည်ရေကို တစ်နှစ်ပတ်လုံး အဓိအထားစိုက်ပျိုးကြပြီး ရေလုံလောက်မှုရှိပါသည်။ မိုးရေသောက်ရသည့် သီးနှံများသည် အထွက်နှုန်းကောင်းမွန်ပါသည်။ ပဲမျိုးစုံအထွက်နှုန်းမှာ တစ်ကေ ပျမ်းမျှ(၉၀)/(၁၀၀)တင်း ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးပိုင် လက်တွန်းထွန်စက်(၁)ခု၊ ရေစုပ်စက်(၁၄)ခု ရှိပြီး တစ်ဦးချင်းပိုင် ဖြစ်သည်။ ကျေးရွာအနေဖြင့် စက်ကိရိယာ လုံလောက်မှုရှိပါသည်။ သင့်တင့်သလို လှည့်လည်လုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

စိုက်ပျိုးစိုက်ပျိုးရာတွင် သဘာဝသီးနှံဖျက်စီးပိုးများ အနည်းငယ် ကျရောက်ပါသည်။ နှစ်စဉ် ရောဂါပိုးမြစ်ရောဂါရောက်မှု ရှိသောကြောင့် ကမ်စင်းရိုးကို ပြန်လည်တူးဖော်မှု လုပ်ဆောင်လိုကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ရွှေဘိုးကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်ခြံ၊ ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများနှင့် တစ်ပိုင် တစ်နိုင် အနေဖြင့် မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အိမ်ထောင်စုများလည်းရှိသည်။ တိရစ္ဆာန်ရောဂါ ကျရောက်ပါက တိမွေးကုဦးစီးဌာနသို့ အလွယ်တကူ ဆက်သွယ်နိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာအတွင်း တစ်ပိုင် တစ်နိုင်ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်စသည့် စားသောက်ဆိုင်လုပ်ငန်းများ၊ ကျူရှင်ပညာသင်လုပ်ငန်း၊ ပန်းရံ၊ လက်သမား၊ ကား/သုံးဘီးယာဉ်မောင်းခြင်းလုပ်ငန်း၊ ဆန်ရောင်း ဝယ်ရေးလုပ်ငန်း၊ မိတ်ကပ်-ဆံပင်-စက်ချုပ်လုပ်ငန်း နှင့်ကြုံရာကျပန်းလုပ်ငန်း စသည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ် ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများတွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာ သားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိ**သော်**လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။ အခြားလုပ်ငန်များအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးငွေကို (၁)ဧကေ (၁.၅)သိန်းကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွင်းသာ ချေးယူနိုင်ကြပြီး အတိုးနှုန်းမှာ (၀.၈၅%) ဖြစ်သည်။ (၁၀)ဧက အထက်ရှိသောလယ်သမားများမှာ ငွေကြေးအခက်အခဲရှိသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုရရန်အထူးလိုအပ်ပါသည်။ ကျေးရွာအတွင်းရှိ ငွေခေ◌ျးသူ များထံမှ တစ်လအတိုးနှုန်း (၅-၁၀)ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကိုငွေတိုးချေးစားသူများထံမှသော်လည်းကောင်း၊ အကြွေးစနစ်ဖြင့် ဝယ်ယူရခြင်း၊ မိတ်ဆွေ၊ မိသားစုများထံမှသော်လည်းကောင်း၊ အလုပ်သမားခေါင်းဆောင်များထံမှ

လုပ်အားကြိုတင်ရောင်း၍ သော်လည်းကောင်း၊ အကြောင်းအရင်းမျိုးစုံ (စားနပ်ရိက္ခာ၊ကျန်းမားရေး၊ ပညာရေး) အတွက် ချေးယူ ကြပြီးအထူးအားဖြင့် စားနပ်ရိက္ခာ အတွက်ချေးယူရခြင်းဖြစ်ကြပြီး၊ ကျေးရွာတွင်ချေးငွေလိုအပ်မှု များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၅။ အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီ မောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၂၁ စီး၊ ဆိုင်ကယ် ၉၈ စီး၊ ထော်လာဂျီ ၃ စီး၊ ကား ၁ စီး ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစုအသုံးပြုကြသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သည်။ ကျေးလက်ဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းကို အားတက်သရော လုပ်ဆောင်ကြခြင်းစသည် တို့ကြောင့် ကိုယ်ထူကိုယ်ထလမ်းဖောက်လုပ်ရာတွင် ပို၍ အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းအမျိုးအစားဖြစ်၍ မြစ်ရေဝင်ရောက်မှုကြောင့် တစ်နှစ်ပတ်လုံး သွားလာရန် အဆင်မပြေပါ။ ကျေးရွာ၏ အနောက်ဘက်တွင် ဧရာဝတီမြစ်တည်ရှိသောကြောင့် တစ်နှစ်ပတ်လုံး ရေကြောင်းဖြင့် သွားလာနိုင်သည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမဟာဓါတ်အားလိုင်းသုံးစွဲသူ (၆၉)အိမ်၊ ဆိုလာမီးအသုံးပြုသူ (၁၄၆) ၊ ဒီဇယ်အင်ဂျင်အသုံးပြုသူ အိမ်ထောင်စု၊လျှပ်စစ်မီးမဟာဓါတ်အားလိုင်း အသုံးပြုနိုင်ခြင်း မရှိသေးသောအိမ်ထောင်စု အနည်းငယ်သာ မှာ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေကြသည်။ လျှပ်စစ်မီး ပျက်သွားသည့်အခါ မီးအိမ်၊ ဖယောင်းတိုင်တို့ အသုံးပြုကြသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ရွှေဘိုးကြီးကျေးရွာတွင် ဆက်သွယ်ရေးဖြင့် သတင်းအချက်အလက်နည်းပညာနှင့် ပတ်သက်၍ ဖုန်း(၂၁၅)လုံး၊ ရေဒီယို(၄၁)လုံး၊ တီဗွီ(၆၃)လုံး၊ ဂြိုလ်တုစလောင်း(၂၅)လုံး အိမ်တိုင်းနီးပါး တယ်လီဖုန်းအသုံးပြုနိုင်သောကြောင့် ဆက်သွယ်ရေး ကောင်းမွန်ကြသည်။ ဆက်သွယ်ရေးအခက်အခဲ အထူးတလည်မရှိပါ။

## ၆။ ပညာရေး

ကျေးရွာတွင် အထက်တန်း(ခွဲ)စာသင်ကျောင်းရှိပြီး တက်ရောက်နေသော ဦးရေမှာ (၃၄၄)ဦးဖြစ်သည်။ အထက်တန်းကျောင်းနေ အရွယ်(၃၅)ဦး ပညာသင်ကြားနေကြသည်။ အဆင့်မြင့်ပညာ တက္ကသိုလ်/ကောလိပ် တက်ရောက်သူ(၂၈)ဦးတို့သည် ပညာသင်ကြားနေကြသည်။

ကျေးရွာစာသင်ကျောင်းနှင်းဆီဆောင်မှ (အလျား၁ဝ၈ပေ၊ အနံ၃၆ပေ)ပျဉ်ထောင်သွပ်၊ စံပယ်ဆောင် (အလျား၅၆ပေ၊ အနံ ၂၁ပေ)ပျဉ်ထောင်သွပ်၊ ဇီဇဝါဆောင် (အလျား ၁ဝဝပေ၊ အနံ ၃ဝပေ)ပျဉ်ထောင်သွပ်ကျောင်းဆောင်တို့ဖြစ်ပါသည်။ ကျောင်းဆောင်လုံလောက်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂမလုံလောက်ပါ။ ကျောင်းအိမ်သာအခြေအနမှာလုံလောက်မှုမရှိပါ။ အစိုးရခန့် ဆရာ(၂)ဦး၊ ဆရာမ(၄)ဦး စုစုပေါင်း(၆)ဦးရှိပါသည်။ ကျောင်း အာဟာတိုက် ကျွေးမှုမရှိပါ။

ကျေးရွာတွင် ဆရာ တပည့်အချိုး ၄ဝ: ၁ အောက်ရှိပြီး ဆရာ/မ လုံလောက်မှု ရှိသည်။ ကျောင်းအားကစားကွင်းနေရာ ကျဉ်းပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း စိတ်ဝင်စားမှု စိတ်အားထက်သန်ကြသည်။

ကျေးရွာ၏ စာတတ်မြောက်မှုကို အရေအတွက်ကိုကြည့်ခြင်းအားဖြင့် ပညာသင်ကြားမှုတွင် အမျိုးသမီးများမှာ အမျိုးသားများနှင့် တန်းတူ ခံစားခွင့်ရှိသည်ကို တွေ့ရသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွှေဘိုးကြီးကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ် သည့် ကာကွယ်ဆေးကို ပုံမှန်ထိုးပေးသည်။ အာဟာရပညာပေးအစီအစဉ် များလည်းရှိပါသည်။ အရေးပေါ်ဖြစ်ပါက ကျေးရွာနှင့် (၆)မိုင်အကွာတွင်ရှိသော မတ္တရာမြို့နယ်ဆေးရုံနှင့် (၃ဝ)မိုင်ကွာဝေးတွင်ရှိသောမန္တလေးမြို့သို့ ကျေးရွာရှိ လူမှုကူညီ ရေးကားဖြင့် အချိန်မရွေးသွားနိုင်ပါသည်။

ကျေးရွာတွင် အဝီစိတွင်း/စက်တပ်(၆)၊ အဝီစိ တွင်း/ တုံကင်(၁၁ဝ)ရှိပါသည်။ ကျေးရွာနှင့် ကပ်လျက်တွင် ရောဂတီမြစ်ရှိသောကြောင့် တစ်နှစ် ပတ်လုံး ရေလုံလောက်မှု ရှိပါသည်။

ကျေးရွာတွင် ကျန်းမာရေးဗဟုသုတကြွယ်ဝသည့် ကျေးရွာဖြစ်သည့်အတွက် ယင်လုံ အိမ်သာကို စနစ်တကျ သုံးစွဲကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ရွှေဘိုးကြီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့်

လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ရပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။ ရွှေဘိုးကြီးကျေးရွာတွင် သဘာဝ ဆေးဘက်ဝင် အပင်များအနေဖြင့် ဗိစပ်၊ ဆင်တုံးမနွယ်၊ တစောင်း လက်ပတ် အပင်များ ပေါက်ရောက်သော်လည်း ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် ဇဟုသုတနှင့် နည်းပညာ အားနည်းကြပါသည်။ မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော ရာသီဖျား ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာ ရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရွှေဘိုးကြီးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင် ရှိပါသည်။

## ၁၀။ ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

## (က) ရွှေဘိုးကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် |
|---|---|---|---|---|
| ကျေးရွာတွင်းရှိ အခြေခံအဆောက်အဦကဏ္ဍ | | | | |
| | ၁။ရွာတွင်းလမ်းဖွံ့ဖြိုးမှုစီမံချက် | ၁၀၀ | ၁ | -ကျေးရွာအတွင်းလမ်းမှာမြေသားလမ်းဖြစ်သည့်အတွက် သွားရေးလာရေး အဆင်ပြေစေရန် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် မြေသားလမ်း မှ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း။ |
| ပညာရေးကဏ္ဍ | | | | |
| | ၂။ပညာရေးစီမံချက် | ၈၂ | ၂ | -ကျေးရွာတွင် ကျောင်းပညာရေးအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်း။<br>-ကျောင်းခြံစည်းရိုး ကာရံခြင်း။<br>-ကျောင်းယင်လုံအိမ်သာ လုံလောက်စွာ ရရှိရန် ဆောင်ရွက်ခြင်း။<br>-ကျောင်းသုံး ပစ္စည်းကိရိယာများ ပြည့်စုံမှုရှိရန် ဆောင်ရွက်ခြင်း။ |
| ကျန်းမာရေးကဏ္ဍ | | | | |
| | ၃။ကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက် | ၇၄ | ၃ | -ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းရရှိရန်ဆောင်ရွက်ခြင်း။ |
| လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ | | | | |
| | ၄။လူငယ်ဖွံ့ဖြိုးရေးစီမံချက် | ၅၅ | ၄ | -ကျေးရွာတွင်အားကစားကွင်း တည်ဆောက်ခြင်း။<br>-အားကစားပစ္စည်းများ ရရှိရန် ဆောင်ရွက်ခြင်း။<br>-လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်ဆောင်ရွက်ခြင်း။ |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်လျော့ချခြင်းကဏ္ဍ | | | | |
| | ၅။အသက်မွေးဝမ်းကျောင်းစီမံချက် | ၃၅ | ၈ | -စက်ချုပ်၊ ပန်းထိုးနှင့် မော်တာချုပ် အိမ်တွင်းမှု အဆင့်မြင့်သင်တန်း<br>-လက်သမား၊ ပန်းရံအဆင့်မြင့်သင်တန်း၊ ကွန်ပျူတာသင်တန်း |

| | | | | |
|---|---|---|---|---|
| | | | | -လက်ယက္ကန်း၊ စက်ယက္ကန်းသင်တန်းနှင့် အသက်မွေးဝမ်းကျောင်း |
| | | | | သင်တန်းများ လက်လှမ်းမီရန်နှင့် ဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း။ |
| စိုက်ပျိုးရေးကဏ္ဍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်လျော့ချခြင်းကဏ္ဍ | | | | |
| | ၇။စိုက်ပျိုးရေးစီမံချက် | ၄၅ | ၇ | -ကျေးရွာသန့်ရှင်းသာယာရေးအတွက်အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရန် အမှိုက်ကား ရရှိရန် ဆောင်ရွက်ခြင်း။ |
| အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေမြှင့်တင်ရေးကဏ္ဍ | | | | |
| | ၈။အသက်မွေးဝမ်းကျောင်းစီမံချက် | ၃၅ | ၈ | အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေမြှင့်တင်ရေးကဏ္ဍ |
| | | | | -စက်ချုပ်၊ ပန်းထိုးနှင့် မော်တာချုပ် အိမ်တွင်းမှု အဆင့်မြှင့်သင်တန်း<br>-လက်သမား၊ ပန်းရံအဆင့်မြှင့်သင်တန်း၊ ကွန်ပျူတာသင်တန်း<br>-လက်ယက္ကန်း၊ စက်ယက္ကန်းသင်တန်းနှင့် အသက်မွေးဝမ်းကျောင်း |
| | | | | သင်တန်းများ လက်လှမ်းမီရန်နှင့် ဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း။ |

### (၁) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂ ၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | လမ်း၊ တံတား စီမံချက်(ကျေးရွာခြင်းဆက်လမ်း) | ၂ | | | √ | | |
| ၃ | ပညာရေးစီမံချက်(ရေသန့်စက်၊ ဆရာ/မ၊ ရေလောင်းအိမ်သာ) | ၃ | | | | √ | |
| ၄ | ကျန်းမာရေးဖွံ့စီမံချက်(ဆေးပေးခန်း) | ၄ | | | √ | | |
| ၅ | မီးလင်းရေးစီမံချက်(ဆိုလာစနစ်-အိမ်ခြေ(၆၀)) | ၅ | | | | √ | |
| ၆ | အမှိုက်စွန့်ပစ်စီမံချက် (အမှိုက်ပုံး) | ၆ | | √ | | | |
| ၇ | စိုက်ပျိုးရေးစီမံချက်(နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ စက်ပစ္စည်း၊ ဈေးကွက်) | ၇ | | | | | √ |
| ၈ | ရေပေးရေးစီမံချက်(စက်ရေတွင်း) | ၈ | | √ | | | |
| ၉ | အုပ်ချုပ်ရေးစီမံချက်(လူနာတင်ယာဉ်၊ | ၉ | | | | | √ |
| ၁၀ | လူငယ်ဖွံ့ဖြိုးရေးစီမံချက် | ၁၀ | | | | √ | |
| ၁၁ | မွေးမြူရေးစီမံချက်(နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ ချေးငွေ) | ၁၁ | | | | | √ |
| ၁၂ | သဘာဝဘေးစီမံချက်(မြစ်ရေကာတာ၊ သက်ကယ်အင်္ကျီ၊ ဖုန်းတာဝါတိုင်) ပရဟိတ၊ မီးစက်၊ ဝန်ထမ်းအိမ်ယာ) | ၁၂ | | | | √ | |

နောက်ဆက်တွဲ (၁)

**ရွှေဘိုးကြီးကျေးရွာ၊ ရွှေဘိုးကြီးကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | ရာထူး | အဘအမည် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးကျော်သူရ | ဥက္ကဋ္ဌ | ဦးထွန်းရွှေ | ၉/မတရ(နိုင်)၁၂၉၄၆၃ | ၆ တန်း | ၀၉-၉၅၂၈၁၈၇၈၁ | |
| ၂ | ဦးရေအောင် | အတွင်းရေးမှူး | ဦးသောင်းဌေး | ၉/မတရ(နိုင်) | | ၀၉-၇၅၁၁၉၇၅၉၇ | |
| ၃ | ဒေါ်သဇင်ထွန်း | စာရင်းကိုင် | ဦးသောင်းထွန်း | ၉/မတရ(နိုင်)၂၁၉၂၂၉ | Second Year (Eng;) | ၀၉-၇၈၉၃၅၂၀၆၆ | |
| ၄ | ဦးကြည်ညွန့် | ဘဏ္ဍာရေးမှူး | ဦးချိန့် | ၉/မတရ(နိုင်)၀၇၂၁၈၂ | ၄ တန်း | ၀၉-၂၅၆၂၉၂၇၃၄ | |
| ၅ | ဒေါ်မြင့်မြင့်စန်း | သေ့ကိုင်-၁ | ဦးမာ | ၉/မတရ(နိုင်) | ၄ တန်း | ၀၉-၇၈၂၂၅၇၆၅၁ | |
| ၆ | ဒေါ်မိုးနိုင် | သေ့ကိုင်-၂ | ဦးဘကြည် | ၉/မတရ(နိုင်) | ၁၀ တန်း | ၀၉- | |
| ၇ | ဒေါ်ဇင်မွန်အောင် | ချက်လက်မှတ်ထိုး | ဦးခင်မောင်လင်း | ၉/မတရ(နိုင်) | ၈ တန်း | ၀၉-၇၉၉၉၅၄၄၇၉ | |
| ၈ | ဒေါ်နှင်းနန္ဒာဝင်း | အဖွဲ့ဝင် | ဦးကျော်မျိုးဝင်း | ၉/မတရ(နိုင်)၂၁၉၂၄၂ | ၁၀ တန်း | ၀၉-၇၅၂၇၃၀၉၉၄ | |
| ၉ | ဦးဇော်အောင် | အဖွဲ့ဝင် | ဦးကျော်ဝ | ၉/မတရ(နိုင်) | | ၀၉- | |
| ၁၀ | ဦးဆန်းမောင် | အဖွဲ့ဝင် | ဦးတင်အောင် | ၉/မတရ(နိုင်) | | ၀၉-၇၇၄၇၅၂၂၀၀ | |
| ၁၁ | ဒေါ်ပပဝင်း | အဖွဲ့ဝင် | ဦးတင်ထွန်း | ၉/မတရ(နိုင်) | | ၀၉-၇၆၈၉၇၁၆၅၀ | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၄ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၂ | ၃၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၂၄ | ၆၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၄၂ | ၁၀၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၄ | ၃၂၈ | ၆၀၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၃၅ | ၅၆ |
| **စုစုပေါင်း** | | **၄၀၉** | **၄၄၅** | **၈၆၄** |
| **စုစုပေါင်း အိမ်ထောင်စု - ၂၀၅** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄. ၂%** | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ရွှေဘိုးကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၀၅) မှ လူဦးရေပေါင်း (၈၆၄) (က-၄၁၉+မ-၄၄၅)ရှိသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄.၂)ရှိသဖြင့် မြန်မာနိုင်ငံ ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှလူဦးရေတိုးပွါးမှု ၅ ယောက်နှုန်းထက် အနည်းငယ်သာ လျော့နည်းလျက်ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ ၆၇၂ ဦး (၆၇.၇၂%) ရှိပြီး၊ မှီခိုသူဦးရေမှာ (၃၂.၂၈%) သာရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ် နိုင်သောအရွယ် လူဦးရေမှာ အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ တစ်နှစ် အောက်လူဦးရေမှာ ၁၂ ဦး (၁.၅%) သာရှိသဖြင့် လူဦးရေမွေးဖွားနှုန်း နည်းသည်ကို တွေ့ရသည်။ တစ်နှစ်နှင့် ၅ နှစ်အောက် လူဦးရေ (၃၀)ယောက် (၄.၄၆%) ရှိသဖြင့် ၅ နှစ်အောက် ကာကွယ်ဆေး ထိုးရမည့် အရေအတွက်ကို အတိအကျသိရှိနိုင်သည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ် လူဦးရေကိုလည်း သိရှိ ရသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိမရှိကို အလွယ်တကူနှိုင်းယှဉ် သိရှိနိုင်မည်ဖြစ်ပါသည်။ ၆၀ နှစ်နှင့် အထက် သက်ကြီးရွယ်ကြီး (၅၆) ယောက် (၃.၃%) သာရှိသဖြင့် ကျန်းမာရေးအခြေအနေ အသင့်အတင့်ရှိကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၇ | ၃၈၁ | - | မြင့်☐ လတ်√ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၆ | ၁၀၄ | - | မြင့်☐ လတ်√ နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၄၂ | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၂၀ | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | - | မြင့်☐ လတ်√ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၀ | ၂ | မြင့်☐ လတ်√ နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | ၃ | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | - | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၁၃ | မြင့် ☐ လတ်√ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | ၁၀ | မြင့် ☐ လတ်√ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၄ | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် √ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| ဈ | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | - | - | ၂ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၀၅ | ၅၉၀ | ၄၇ | ☒ |

ရင်းမြစ် **...** (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၀၅)စုရှိပြီး အဓိကအသက် မွေးဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ကိုင်သူ အိမ်ထောင်စု(၁၀)အိမ်၊ ကျွမ်းကျင် ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူအနေဖြင့် ကိုယ်ပိုင်လုပ်ကိုင်သူ (၄)ဦး၊ လက်လီလက်ကား ရောင်းဝယ်ရေး အိမ်ထောင်စု(၅)ဦး၊ ပညာရေး နှင့် ပတ်သက်၍ အစိုးရဝန်ထမ်း (၅)ဦးရှိသည်။ အိမ်များတွင် အငှါးလိုက် လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ လုပ်ကိုင်သူ အိမ်ထောင်စု(၃၀)အိမ်ရှိပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် သောကြောင့် လုပ်ကိုင်စားသောက်ရသည်မှာ လက်လှမ်းမှီပါသည်။

### (ခ-၂) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | - | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | ၃၀၀၀ | - | ၁၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား အမျိုးမျိုး ရှိသည်ကို တွေ့ရသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **လယ်မြေ** | - | ကောင်း☐ သင့်√ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်√ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၄၁၇ ဧကခွဲ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ် မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၄၁၇ ဧကခွဲ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမှာ ကိုင်/ကျွန်းမြေ(၄၁၇)ကေခွဲ၊ စုစုပေါင်းစိုက်ပျိုးမြေ ((၄၁၇)ကေခွဲရှိပြီး ကျေးရွာတွင် ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ မရှိပါ။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ **(ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ √ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ √ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ **(နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်√ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ √ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ √ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ **ရွှေဘိုးကြီး**ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ ကျောက်၊ သဲ၊ ကျောက်စရစ်၊ ထုံး၊ အုတ်၊ ဝါး၊ ထင်း အလွယ်တကူမရရှိနိုင်ပါ။ သဘာဝဆေးဖက်ဝင် အပင်အနေဖြင့် ဖိစပ်၊ ဆင်တုံးမနွယ်၊ တစောင်း လက်ပတ်အပင်များ ပေါက်ရောက်သော်လည်း ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် ဗဟုသုတနှင့်နည်းပညာ အားနည်းကြ ပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၆ ကေအထက် | (၅)ကေမှ (၂)ကေကြား | (၂)ကေအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | RCတိုက်အိမ်၊ ပျဉ်ထောင်၊ သွပ်မိုး | သွပ်မိုးထရံကာ | ဝါးကပ်မိုး၊ ထရံကာ | သက်ကယ်မိုး၊ ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကားပုစဉ်း ခေါင်း၊ ဖုန်း | ထော်လာဂျီ၊ ဆိုင်ကယ်၊ဖုန်း | ဆိုင်ကယ်၊ဖုန်း | ဆိုင်ကယ်၊ဖုန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| အဓိကစီးပွားရေး လုပ်ငန်း | **ပဲမျိုးစုံ** | **ပဲမျိုးစုံ** | **ပဲမျိုးစုံ** | လယ်ကူလီ၊နေ့စား ကျပန်း |
| အိမ်ထောင်စု | **၅၀** | **၁၀၀** | **၈၅** | **၅၀** |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေ သည် အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့် သတ်မှတ်ထား သည်။ အဆင်ပြေသော အိမ်ထောင်စု(၁၇)အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၂)အိမ်၊ မပြေလည်သောအိမ်ထောင်စု(၁၃၃)အိမ်၊ အလွန်မပြေလည်သောအိမ်ထောင်စု(၂၃)ရှိသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား** (၇) **ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ** (**ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ**)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | **၀** | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | **၀** | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | **၀** | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကောက်ယူထားခြင်းမရှိပါ။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၅ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်ကြီး အသက် (၆၄)နှစ်နှင့်အထက်မရှိပါ။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၅)အိမ်၊ အခြားဒေသသို့ ကြာမြင့် စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုမရှိပါ။၄င်းတို့သည် ထိခိုက်လွယ်မှု မြင့်သည်။

### (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

